# ဇမ္မခန္ဒာ (၉၉) လျှော် (အလ်-ဇိလ်ဇားလ်)

ဥဒဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၉၃)၊ သုတ်ဒေသနာ (၈)ပါး၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

## بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | إِذَا زُلْزِلَتِ الْأَرْضُ زِلْزَالَهَا۞<br>မြေကမ္ဘာအား လျှော်ဖြင့် သူမအား လျှော်လှုပ်ခံရသော အခါ။[၁၁၈၉] |
| ၂။ | وَأَخْرَجَتِ الْأَرْضُ أَثْقَالَهَا۞<br>မြေကမ္ဘာသည် သူမ၏ ဝန်ထုပ်အား ထုတ်ပစ်သော အခါ။ |
| ၃။ | وَقَالَ الْإِنسَانُ مَا لَهَا۞<br>"အဘယ်အရာ ဖြစ်သနည်း၊"ဟု လူသားက ပြောဆိုသော အခါ။ |
| ၄။ | يَوْمَئِذٍ تُحَدِّثُ أَخْبَارَهَا۞<br>ထိုနေ့ကာလ၌ သူမသည် သူမ၏ သမိုင်းကြောင်းကို ထုတ်ပြန်ရမည်မှာ– |
| ၅။ | بِأَنَّ رَبَّكَ أَوْحَى لَهَا۞<br>ကံကြမ္မာရှင်က သူမအား အာရုံထည့်ပေးသောကြောင့်ပင် ဖြစ်၏။[၁၁၉၀] |
| ၆။ | يَوْمَئِذٍ يَصْدُرُ النَّاسُ أَشْتَاتًا لِّيُرَوْا أَعْمَالَهُمْ۞<br>ထိုနေ့ကာလ၌ လူသားတို့သည် မိမိတို့၏ ကျင့်ကြံမှုများကို မြင်တွေ့ရအံ့ငှာ အုပ်စု အမျိုးမျိုး ထွက်လာရလတ္တံ့။ |
| ၇။ | فَمَن يَعْمَلْ مِثْقَالَ ذَرَّةٍ خَيْرًا يَرَهُ۞<br>ပရမံနုမြူမျှ ပမာ ကောင်းမှု ကျင့်ဆောင်ခဲ့သူသည် ၎င်းအား မြင်တွေ့ရလတ္တံ့။ |
| ၈။ | وَمَن يَعْمَلْ مِثْقَالَ ذَرَّةٍ شَرًّا يَرَهُ۞<br>ပရမံနုမြူမျှ ပမာ မကောင်းမှု ကျင့်ဆောင်ခဲ့သူသည်လည်း ၎င်းအား မြင်တွေ့ရလတ္တံ့။ |

---

**(၁၁၈၉)** မြေကမ္ဘာအား လျှော်လှုပ်ခံခြင်း ဆိုသည်မှာ– တိုင်းပြည်၊ တိုင်းဒေသ တစ်ခု အကြီးအကျယ် သမိုင်းကြောင်း ပြောင်းလဲခြင်းကို ဆိုလိုပေသည်။ ထိုဒေသတွင် ထွန်းကားနေသော မိရိုးဖလာ ဝန်ထုပ်ကြီးအား စွန့်ပစ်ရချိန်လည်း ဖြစ်ပေသည် (၂)။ ထိုအချက်ကို သုတ်တော် (၃)ပါ သူမသည် သူမ၏ သမိုင်းကြောင်းကို ထုတ်ပြန်ရမည်မှာ– ဟူသော ဝါကျက ထောက်ပြထားပေသည်။

**(၁၁၉၀)** ထိုသို့ သမိုင်းကြောင်း ပြောင်းရမည်မှာ– အလ္လာဟ်အရှင်၏ ချမှတ်ပေးသော ဝဟီ ဥဒဏ်စဉ်တော် ပညတ်ချက်များ ထွန်းကား လာသောကြောင့် ဖြစ်ကြောင်း ဤသုတ်တော်က ပြောဆိုထားပေသည်။ ကိုယ်တော်မုဟမ္မဒ် ပွင့်ပေါ်လာ၍ ဥဒဏ်စဉ်တော်ရ ပညတ်စစ်စစ်များ ထွန်းတောက်လာသော အခါ– အာရေဗျကျွန်းဆွယ်ကြီး၏ သမိုင်းကြောင်း ပြောင်းလဲခဲ့ရပြီ၊ အလားတူပင် ကျမ်းမြတ် ကုရ်အံ၏ သွန်သင်မှု လူသားများထံသို့ ရောက်ရှိလာလျှင် ထိုဒေသ၊ ထိုအရပ်၊ ထိုတိုင်းပြည်၏ သမိုင်းသည်လည်း အမှန်တရား ဆီသို့ ဦးတည် ပြောင်းလဲသွားရမည် ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်၍၊ ထိုအခါတွင်– ကောင်းမှု၊ မကောင်းမှုအား ကျင့်ဆောင် သူတို့၏ သမိုင်းသည် ဖုံးကွယ်၍ မရ– ထင်ရှားစွာ ပေါ်၍ လာမည်ပင်– (၇၊ ၈)။